FDB
မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
Forum for Democracy in Burma
eBulletin

ဇူလိုင် ၃၁၊ ၂၀၁၀ သတင်းလွှာ အမှတ်စဉ် ၇/၂၀၁၀



"ဒီ ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ခြင်းအားဖြင့် ၂၀၀၈ ကနေ ဖူးဖွင့်လာမည့် အဖူးအပွင့် အသီးသစ်တွေ၊ အဆိပ်အတောက်ဖြစ်စေမယ့် အသီးအပွင့်တွေ မပွင့်တော့ဘူး၊ မဖြစ်တော့ဘူး၊ ကျနော်တို့က ဒီအပင် ကြီးလာဖို့ ရေမလောင်းဘူးဆိုရင်၊ ဒီအပင်ကြီးဟာ သေသွားလို့ရှိရင်၊ ဒီ ၂၀၀၈ ဖွဲ့စည်းပုံဆိုတာ သေသွားလို့ရှိရင်၊ တိုင်းပြည်အတွက် အဆိပ်အတောက်ဖြစ်မယ့်ဟာမျိုးတွေ အဲဒါမျိုးကို ကင်းဝေးသွားမယ်ဆိုတာ ကျနော်တို့ အဲလိုပဲ ပြောချင်ပါတယ်။"

ဦးဝင်းတင်
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

*အာရ်အက်ဖ်အေသတင်းဌာန–မြန်မာပိုင်းအစီအစဉ် ၂၅ ဇူလိုင် ၂၀၁၀ ရက်နေ့ အင်တာဗျူးမှ ...*

# (၄၈) ကြိမ်မြောက် ၇ ရက် ဇူလိုင်အခမ်းအနား ကျင်းပ

ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့ရုံးတွင် (၄၈) ကြိမ်မြောက် ၇ ရက် ဇူလိုင်အခမ်းအနားကို ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့နှင့် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုတို့ ပူးပေါင်း၍ ဇူလိုင်လ ၇ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားကို တိုက်ပွဲအဆက်ဆက်တွင် ကျဆုံးခဲ့သော အာဇာနည်အပေါင်းတို့အား ဂုဏ်ပြုသောအားဖြင့် တက်ရောက်လာကြသော အဖွဲ့အစည်းများ၊ ကျောင်းသားများ၊ အလုပ်သမားများမှ (၈) စက္ကန့်ငြိမ်သက်အလေးပြုခြင်းဖြစ် စတင်ဖွင့်လှစ်ခဲ့ကြသည်။

၇ ရက် ဇူလိုင်အရေးတော်ပုံ ဖြစ်ပေါ်လာပုံသမိုင်းနှင့် ကျောင်းသားဘဝအတွေ့အကြုံတို့ကို ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ) တာဝန်ခံ ဦးမင်းနိုင်က "တက္ကသိုလ်ရောက်ပြီး နောင်တော်ကျောင်းသားတွေကို မေးရင်း၊ သူတို့ပြောပြတာကို နားထောင်ရင်းမှ တက္ကသိုလ်သမဂ္ဂအဆောက်အဦးကြီးကို ဖုံးခွဲတာတွေ၊ ကျောင်းသားတွေကို ရက်ရက်စက်စက် ပစ်သတ်တာတွေကို သိလာရတယ်။ ကျောင်းသားအရေးအခင်းတွေထဲမှာ ထဲထဲဝင်ဝင် ကိုယ်ကိုယ်တိုင် ပါလာ တဲ့အခါ ပိုသိလာတယ်။ အဲဒီနောက် ရှစ်လေးလုံးအရေးတော်ပုံကြီးဖြစ်ချိန်မှာ စစ်အစိုးရက ရက်ရက်စက်စက် နှိမ်နင်းခဲ့၊ သတ်ဖြတ်ခဲ့တာတွေကို ကိုယ်တိုင်တွေ့ကြုံလာခဲ့ရတယ်။ ၇ ရက် ဇူလိုင်ဆိုတာ မမေ့ထိုက်တဲ့၊ အမြဲသတိရနေရမယ့် နေ့တနေ့ဖြစ်ပါတယ်။ ဒီနေ့ကို မမေ့ကြဖို့၊ စစ်အာဏာရှင်ကို ဆန့်ကျင်ကြဖို့ တက်ရောက်လာသူအားလုံးကို တိုက်တွန်းလိုက်ပါတယ်" ဟု အခမ်းအနားတွင် ပြောကြားသွားခဲ့ပါသည်။ ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဦးမိုးဆွေကလည်း "ထိုင်းနိုင်ငံ အတွင်းမှာ ရောက်နေတဲ့ မြန်မာအလုပ်သမားတွေကို ပြောချင်တာကတော့ ကိုယ့်အိမ်မှာ မကောင်းလို့ သူများအိမ် လာနေကြရတာ။ ဇူလိုင် ၇၊ မဲဆောက်။



၇ ရက် ဇူလိုင်အခမ်းအနားတွင် ဦးမင်းနိုင် အမှတ်တရစကားပြောကြားနေစဉ်

အဲလိုနေတဲ့အချိန်မှာ အချင်းချင်း ခေါင်းပုံဖြတ်အနိုင်ကျင့်တာတွေကို ရှောင်ကျဉ်စေချင်တယ်။ အားလုံးစုစုစည်းစည်းနဲ့ ရိုင်းပင်းကူညီသင့်တယ်။ ကိုယ့်အိမ်မကောင်းလို့ သူများအိမ်မှာ နေမယ်ဆိုတာထက် ကိုယ့်အိမ်ကောင်းဖို့ ဘယ်လိုပြုပြင်မလဲဆိုတဲ့ပြုပြင်ပြောင်းလဲရေးကိစ္စတွေမှာ တက်တက်ကြွကြွ ပါဝင်ကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်" ဟု အမှတ်တရစကားတွင် ထည့်သွင်းပြောကြားသွားပါသည်။

အခမ်းအနားကို မြန်မာနိုင်ငံဒီမိုကရက်အင်အားစုမှ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် သတင်းဌာနများ တက်ရောက်ခဲ့ကြသည်။ ထိုနေ့တွင် ကျဆုံးသွားကြသော အာဇာနည်များကို ဂုဏ်ပြုသောအားဖြင့် ပြည်တွင်းပြည်ပနေရာအနှံ့အပြားတွင် ဤအခမ်းအနားကို ကျင်းပကြခြင်းဖြစ်ပါသည်။ ။

**အယ်ဒီတာ့အမြင်**

# သမိုင်းသံသရာထဲက ရုန်းထွက်စို့

ဒီမိုကရေစီနဲ့ အမျိုးသားတန်းတူရေးပြဿနာကို မဖြေရှင်းနိုင်လို့ ပြည်တွင်းစစ်ဖြစ်ခဲ့ရတာ (၄၈) ကနေ အခုထိဆိုရင် နှစ်ပေါင်း (၆၀) ကျော်လာပါပြီ။ ဒီ နှစ်(၆၀)ကျော်ဖြတ်သန်းမှုမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ တော်လှန်ရေးကောင်စီ၊ မဆလ၊ နဝတ၊ နအဖ စစ်အုပ်စု အဆက်ဆက်ဟာ တိုင်းပြည်နဲ့ လူမျိုးပေါင်းစုံပြည်သူတွေကို လက်နက်နဲ့ အကြမ်းဖက်ဖိနှိပ်ပြီး အာဏာကို အခုထိ ဆုတ်ကိုင်ထားဆဲဖြစ်ပါတယ်။ ဒါကို ဆန့်ကျင်တော်လှန်ကြတဲ့ နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းတွေ၊ လူမျိုးပေါင်းစုံ တော်လှန်ရေးအင်အားစုတွေဟာ စစ်အုပ်စု အဆက်ဆက်နဲ့ ရင်ဆိုင်တိုက်ပွဲဝင်ခဲ့ရတဲ့ မိမိတို့တော်လှန်ရေးသမိုင်းဖြတ်သန်းမှုတွေကို သင်ခန်းစာထုတ်ပြီး ပစ္စုပ္ပန်အတွက် နည်းနာသစ်တွေ၊ အလုပ်လမ်းညွှန်တွေ ချမှတ်ရမှဖြစ်သလို၊ အနာဂတ်အတွက် မျှော်မှန်းချက်ပန်းတိုင်တွေလည်း သတ်မှတ်ကြရမှာဖြစ်ပါတယ်။

ဒီနေရာမှာ တော်လှန်ရေးအင်အားစုတွေဟာ မိမိတို့ရဲ့ မူ၊ ပေါ်လစီ၊ လုပ်ငန်းစဉ်၊ နည်းနာနဲ့ စည်းမျဉ်းစည်းကမ်းတွေကို ပကတိတည်ရှိနေတဲ့ အခြေအနေအခင်းအကျင်းနဲ့ မိမိတို့ ယုံကြည်မျှော်လင့်ချက်တွေကို အပြန်အလှန် ပေါင်းစပ်ပြီး ချမှတ်ခဲ့ကြတာ တွေ့ရပါတယ်။ ဒ့ါအပြင် ပြင်ပအကြောင်းအချက်တွေ၊ နိုင်ငံတကာ အခင်းအကျင်းတွေကိုလည်း ရင်ဆိုင်တွက်ချက်ခဲ့ရတာလည်း ဖြစ်ပါတယ်။ မဟာမိတ်အင်အားစုတွေနဲ့လည်း အလုပ်တူညီညွတ်ရေး၊ တပ်ပေါင်းစု၊ မဟာမိတ် စသည်ဖြင့် လက်တွဲခဲ့ကြရတာလည်း ရှိပါတယ်။

မြန်မာနိုင်ငံတော်လှန်ရေးသမိုင်းမှာ (၄၈) မတိုင်မီက လူမျိုးပေါင်းစုံပြည်သူတွေ နိုင်ငံရေးအင်အားစုတွေဟာ တမျိုးသားလုံးဆိုင်ရာ တူညီတဲ့ ဘုံရည်မှန်းချက်နဲ့ အတွေးအခေါ်အောက်မှာစုစည်းပြီး အမျိုးသားသွေးစည်းညီညွတ်မှု အားကောင်းတဲ့အတွက် နယ်ချဲ့ကို၊ ဖက်ဆစ်ကို အောင်ပွဲဆင်နိုင်ခဲ့တာ တွေ့ရပါတယ်။ (၄၈) နောက်ပိုင်း ကိုလိုနီနယ်ချဲ့လက်အောက်က လွတ်မြောက်ပေမယ့် ကိုယ့်အမျိုးသားအချင်းချင်း အစွမ်းကုန် ရက်စက်ဖေါက်ပြန်တဲ့ အုပ်စိုးသူ စစ်အုပ်စုအဆက်ဆက်ကို ရင်ဆိုင်ရာမှာတော့ အင်အားစုအသီးသီးဟာ တတိုင်းပြည်လုံးဆိုင်ရာ၊ တမျိုးသားလုံးဆိုင်ရာ ဘုံရည်မှန်းချက် အတွေးအခေါ်အောက်မှာ မစုစည်းနိုင်ပဲ အတွေးအခေါ်ပေါင်းစုံ၊ အမြင်သဘောထားရပ်တည်ချက်ပေါင်းစုံ၊ ဦးတည်ချက်နဲ့ နည်းနာပေါင်းစုံတွေ ပြန့်ကျဲကွဲထွက်ပြီး အောင်ပွဲမရနိုင်သေးပဲ ကျဆုံးပျောက်ကွယ်သွားတာတွေရှိသလို ချိနဲ့အားလျော့သွားတာတွေလည်း တွေ့ရပါတယ်။

၈၈ တော်လှန်ရေးမျိုးဆက်တွေဟာလည်း အတိတ်သမိုင်းက မပြီးဆုံးတဲ့ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေး၊ စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေးတိုက်ပွဲကို ဒီနေ့ထိ ဆက်လက်တိုက်ပွဲဝင်ရင်း နောက်မျိုးဆက်တွေကို လက်ဆင့်ကမ်းရမှာ ဖြစ်ပါတယ်။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြဆိုတဲ့ ကြွေးကြော်သံနဲ့အတူ ပါတီစုံ၊ ရွေးကောက်ပွဲ၊ အပစ်ရပ်ငြိမ်းချမ်းရေး၊ အမျိုးသားညီလာခံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လူထုဆန္ဒခံယူပွဲ၊ နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ်၊ အသွင်ကူးပြောင်းရေး၊ စည်းကမ်းပြည့်ဝတဲ့ဒီမိုကရေစီ၊ ကြံ့ဖွတ်၊ စွမ်းအားရှင်လို လူမှုရေးအသင်းအဖွဲ့တွေဖွဲ့ဆိုတဲ့ စစ်အုပ်စုရဲ့တဖက်သတ်ဖိနှိပ်မှုနဲ့ မတရားတဲ့ နည်းသဏ္ဍာန်တွေသုံးပြီး ပြည်သူလူထုကို တော်လှန်ရေးအင်အားစုအားလုံးကို နယ်ပယ်၊ ဒေသတိုင်းမှာ ဖိနှိပ်ကန့်သတ်၊ သွေးခွဲသပ်သျှိုဒူးထောက်အညံ့ခံခိုင်း၊ အပြုတ်တိုက်ချေမှုန်းဆိုတာတွေနဲ့ တောက်လျှောက်လုပ်လာတော့တာပါပဲ။ ဒါတွေဟာ (၄၈) ကနေ ဒီနေ့ထိ စစ်အုပ်စုတောက်လျှောက်လုပ်လာတဲ့ နည်းနာနဲ့ လုပ်ရပ်တွေပါပဲ၊ အသစ်တွေမဟုတ်ပါဘူး။ အသွင်သဏ္ဍာန်၊ အချိန်ကာလ၊ နိုင်ငံတကာ အခင်းအကျင်း နည်းနည်းကွာသွားတာပဲ ရှိမယ်၊ အနှစ်သာရကတော့ စစ်အုပ်စုဆွေစဉ်မျိုးဆက် ကြီးပွားချမ်းသာဖို့နဲ့ အာဏာကို ဆက်လက်ဆုတ်ကိုင်ထားဖို့ပါပဲ။

အခုမျက်မှောက်နိုင်ငံရေးအခြေအနေမှာလည်း စစ်အုပ်စုရဲ့ ရွေးကောက်ပွဲဝင်မလား/မဝင်ဘူးလား၊ ဖွဲ့စည်းပုံမရှိတာထက် ရှိတာကောင်းတယ်၊ နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ် ဖွဲ့တာလက်ခံမလား/မခံဘူးလားဆိုတဲ့ နိုင်ငံရေးပြဿနာတွေဟာ သမိုင်းတပတ်လည်လာပြန်ပါတယ်။ အုပ်စိုးသူတွေဟာ ရာဇဝင်ဘီးကို နောက်ပြန်လှည့်လေ့ရှိကြတယ်။ ဒါပေမယ့် သမိုင်းကို ပြည်သူတွေက ရေးပြီး သမိုင်းဆိုတာ ဘယ်တော့မှ နောက်ပြန်မလှည့်ဘူး၊ သံသရာလို တပတ်မလည်ဘူး၊ အမြဲတမ်း ရှေ့ကို ချီတက်နေတယ်ဆိုတာ မှန်ကန်တဲ့ သမိုင်းရေးအမြင်ပါပဲ။

“သမိုင်းကပေးတဲ့ သင်ခန်းစာကို နားမလည်သူဟာ မှားပြီးခဲ့တာကိုပဲ ထပ်ခါတလဲလဲ လုပ်နေလို့ သမိုင်းသံသရာက မထွက်နိုင်တာပါပဲ။ ဥပမာ စစ်ဝါဒီကြီးစိုးတဲ့ တိုင်းပြည်ဟာ ပျက်စီးတတ်ကြောင်း သမိုင်းကပေးတဲ့ သင်ခန်းစာရှိနေတာကို နားမလည်တဲ့အတွက် မြန်မာပြည်မှာ စစ်အာဏာရှင်စနစ်သံသရာက မထွက်နိုင်ဘဲဖြစ်နေတာပါ။ ဒါဟာ အမှန်တရားကို မမြင်နိုင်တာနဲ့ အတူတူပါပဲ” ဆိုတဲ့ ခေတ်ပြိုင်အွန်လိုင်းမဂ္ဂဇင်းက ဒေါက်တာအောင်ခင်ဘာသာပြန်တဲ့ "A Revolution of The Mind by Jonathan Israel" ထဲက စာသားလိုပဲ အသိဉာဏ်ပွင့်လင်းနိုင်ကြပါစေ။ ။

❑ ❑ ❑

# နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ စာချုပ်အား လူထုများ သိရှိနားလည်ရန် ပြုလုပ်သော စကားဝိုင်း

ဇူလိုင် ၁၂၊ ကန့်ဘီဘန့်၊ မဲဆောက်။



စကားဝိုင်းကို မဇာဇာမှ ဦးဆောင်ဆွေးနွေးနေစဉ်

Foundation for Education and Developmetn (FED) မှ ကြီးမှူးပြုလုပ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ စာချုပ်နှင့် ပတ်သက်သော ဆင့်ပွားစကားဝိုင်းအား မြန်မာ့အမျိုးသမီးသမဂ္ဂမှ ကန့်ဘီဘန့်တွင် ၁၂၊ ၇၊ ၂၀၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ထိုစကားဝိုင်းကို ဦးဆောင်ဆွေးနွေးသူအဖြစ် မဇာဇာနှင့် မယဉ်မျိုးလှိုင်တို့မှ တာဝန်ယူခဲ့ပြီး စက်ရုံအလုပ်ရုံမှ အလုပ်သမားအမျိုးသမီး (၁၅) ဦးနှင့် အမျိုးသား (၇) ဦး စုစုပေါင်း (၂၂) ဦးတက်ရောက်ခဲ့ကြပါသည်။ ထိုစကားဝိုင်းတွင် ဆွေးနွေးသော အကြောင်းအရာများမှာ မိမိတို့နိုင်ငံ (သို့) မိမိတို့ ပတ်ဝန်းကျင်တွင် နေ့စဉ်တွေ့ကြုံနေရသော စီးပွားရေးအခြေအနေ၊ ကျန်းမာရေး၊ ပညာရေးနှင့် စားဝတ်နေရေး အဆင့်အတန်း ပုံစံအမျိုးမျိုး တို့ကိုဆွေးနွေးပေးခဲ့ပါသည်။ ထို့နောက် မွန်းလွဲပိုင်း၌ စာချုပ်တွင်ပါသော အပိုဒ်များကို အဖွဲ့လိုက်ခွဲ၍ ဆွေးနွေးစေခဲ့ပြီး ၎င်းတို့ကို နားလည်သည့်အတိုင်း အဖွဲ့လိုက်ဖလှယ်စေခဲ့ပါသည်။

ဦးဆောင်ဆွေးနွေးသူမှ စာချုပ်ပါ အချက်အလက်များကို ဖြည့်စွက်ဆွေးနွေးပေးခဲ့ပြီး မိမိတို့ ရရှိခံစားရမည့် အခွင့်အရေးများ၊ မိမိတို့၏ ချိုးဖောက်ခံနေရသော အခွင့်အရေးများနှင့် ချိုးဖောက်ခံရပြီးဆိုရင် မည်သို့တိုင်ကြားနိုင်သည်ကို နည်းလမ်းများ ပေးခြင်း၊ ထိုစာချုပ်နှင့် စပ်ဆက်၍ ထိုင်းနိုင်ငံတွင် ထုတ်ထားသော ရွှေ့ပြောင်းအလုပ်သမားများအတွက် ဘီအီး (၂၅၄၁) ဥပဒေကိုလည်း ဆွေးနွေးပေးခြင်း၊ တက်ရောက်သူများ၏ အတွေ့အကြုံများကိုလည်း နားထောင်ပေးခြင်းစသည်ဖြင့် အပြန်အလှန် ဆွေးနွေးဖလှယ်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ။

❑ ❑ ❑

# မြန်မာ့အမျိုးသမီးသမဂ္ဂမှ လစဉ်ပုံမှန်ပြုလုပ်သော စွမ်းရည်မြှင့်တင်သည့် ကျန်းမာရေး ပညာပေးစကားဝိုင်း

ဇူလိုင် ၁၈၊ မယ်တောင်မိုင်၊ မဲဆောက်။



ကျန်းမာရေး ပညာပေးစကားဝိုင်း ပြုလုပ်နေစဉ်

မြန်မာ့အမျိုးသမီးသမဂ္ဂမှ မယ်တောင်မိုင် တောင်ယာတွင် ၁၈၊ ၇၊ ၂၀၁၀ ရက်နေ့တွင် သားပျက်သားလျှောခြင်းနှင့် ပတ်သက်သည့် ကျန်းမာရေး ပညာပေးစကားဝိုင်းကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ထိုစကားဝိုင်းကို ဦးဆောင်ဆွေးနွေးသူအဖြစ် မမုနော်နှင့် မနီနီအောင်တို့မှ တာဝန်ယူခဲ့ပြီး တောင်ယာထဲမှ အလုပ်သမားအမျိုးသမီး (၁၀) ဦးနှင့် အမျိုးသား (၇) ဦး စုစုပေါင်း (၁၇) ဦးတက်ရောက်ခဲ့ကြပါသည်။

ထိုစကားဝိုင်းတွင် ဆွေးနွေးသော အကြောင်းအရာများမှာ မိမိတို့ ပတ်ဝန်းကျင်တွင် ကြုံတွေ့ရသော သားပျက်သားလျှောပုံစံများ၊ လက္ခဏာများ၊ ဖြစ်ရသော အကြောင်းအရင်းများနှင့် သားပျက်သားလျှောပြီး နောက်ဆက်တွဲ ကာကွယ်ရမည့်နည်းလမ်းကို တက်ရောက်သူများထံမှ အတွေ့အကြုံများကို ဖလှယ်စေခြင်းဖြင့် စကားဝိုင်းကို ပြုလုပ်ခဲ့ကြပါသည်။

ထို့နောက် လိုအပ်သည့်အချက်များနှင့် ဆေးပညာအရ သက်မှတ်ထားသည့် စံချိန်များကိုလည်း ဦးဆောင်ဆွေးနွေးသူမှ ဖြည့်စွက်၍ ဆွေးနွေးဖလှယ်ပေးခဲ့ပါသည်။ တက်ရောက်သူများ၏ အတွေ့အကြုံများကိုလည်း နားထောင်ပေးခြင်း စသည်ဖြင့် အပြန်အလှန် ဆွေးနွေးဖလှယ်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ။

❑ ❑ ❑

## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရုံးတွင် ဆိုရှယ်ဒီမိုကရေစီအကြောင်း အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်

ဇူလိုင် ၂၆–၂၈၊ မဲဆောက်။



ဆိုရှယ်ဒီမိုကရေစီအကြောင်း အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်နေစဉ်

"ဆိုရှယ်ဒီမိုကရေစီနဲ့ ပတ်သက်ပြီး အမြင်အမျိုးမျိုး ရှိကြပါတယ်။ ဒါပေမယ့် ခင်ဗျားအနေနဲ့ ဆိုရှယ်လစ်တဦး ဖြစ်ချင်တယ်ဆိုရင် မညီမျှတဲ့ လူ့အဖွဲ့အစည်းကို ညီမျှတဲ့ လူ့အဖွဲ့အစည်းအဖြစ် ပြောင်းပစ်ရမယ်လို့ ယုံကြည်ရမယ်"ဟု မိုက်ကယ်ကာလ်ဆမ် (Mikael Karlsson) က 'ဆိုရှယ်ဒီမိုကရေစီဆိုတာ ဘာလဲ' (What is Social Democracy?) ဆိုသည့် အလုပ်ရုံဆွေးနွေးပွဲတွင် ပြောသည်။ ဆိုရှယ်ဒီမိုကရေစီစနစ်သည် လုပ်သားတို့၏ နေ့စဉ် လက်တွေ့ရုန်းကန်တိုက်ပွဲများကြားမှ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်သည်ဟု သူက ဆက်လက်ပြောဆိုခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဆိုရှယ်ဒီမိုကရေစီ အတွေးအခေါ် ဖွံ့ဖြိုးတိုးတက်လာမှုသမိုင်း၊ ဆိုရှယ်ဒီမိုကရေစီ၏ တန်ဖိုးထားချက်များ၊ ဒီမိုကရေစီနိုင်ငံတခုအတွင်း စီးပွားရေးဒီမိုကရေစီ၊ လူမှုရေးဒီမိုကရေစီ၊ နိုင်ငံရေးဒီမိုကရေစီတို့ ပါဝင်မှုအကြောင်းတို့ကို ဆွေးနွေးခဲ့ကြသည်။ "ဆိုရှယ်ဒီမိုကရေစီစနစ်ဟာ လွန်ခဲ့သော နှစ်ပေါင်း ၃၀၀ ခန့်က စတင်လာတာဖြစ်ပြီး စတင်စဉ်က စိတ်ကူးယဉ်ဝါဒများသာ ဖြစ်ခဲ့တယ်"ဟု ဆိုပါသည်။ ခေတ်သစ်ဆိုရှယ်ဒီမိုကရေစီစနစ်ကို ကားလ်မတ်စ်နဲ့ ဖရက်ဒရစ် အိန်ဂျယ်တို့က စတင်ခဲ့ခြင်းဖြစ်ကြောင်းကိုလည်း သူက ဆက်လက်ပြောပါသည်။ ပြင်သစ်တော်လှန်ရေးကာလ တောင်းဆိုချက်များဖြစ်သော တန်းတူမှု၊ လွတ်လပ်မှုနဲ့ သွေးစည်းညီညွတ်မှုတို့ကို ဆိုရှယ်ဒီမိုကရက်များ၏ စံတန်ဖိုးများအဖြစ် ထားရှိကြောင်း သိရပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ခဲ့သော စည်းရုံးရေးအဖွဲ့ဝင် မရူဘီက "နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတို့နဲ့သက်ဆိုင်တဲ့ ဒီမိုကရေစီစံနှုန်းများကို ပိုမိုသိမြင်လာရတယ်။ နိုင်ငံရေးပါတီတရပ်အတွက် အတွေးအခေါ် လိုအပ်ချက်ဟာ အလွန်အရေးကြီးကြောင်း သိလာရပါတယ်" ဟု ပြောခဲ့ပါသည်။

ဆွေးနွေးပွဲအတွင်း တက်ရောက်လာသူများက ဆိုရှယ်ဒီမိုကရက်များ၏ လိင်ပိုင်းဆိုင်ရာခွဲခြားမှု၏ ဆိုးကျိုးများ၊ ဈေးကွက်စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များအပေါ် ထင်မြင်ယူဆချက်များကို ပွင့်ပွင့်လင်းလင်း အမြင်ဖလှယ်ခဲ့ကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်လ (၂၆) ရက်နေ့ကနေ (၂၈) ရက်နေ့အထိ လူ့ဘောင် သစ်ဒီမိုကရက်တစ်ပါတီဌာနချုပ်ရုံးတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပါတီဗဟို ဦးဆောင်ကော်မတီဝင်များအပါအဝင် ပါတီဝင် (၁၃) ဦး တက်ရောက်ခဲ့ကြပါသည်။။

## အာဇာနည်နေ့အထိမ်းအမှတ် လူငယ်များနှင့် စကားဝိုင်း ပြုလုပ်

ဇူလိုင် ၁၉၊ မဲဆောက်။



လူငယ်များနှင့်အတူ အာဇာနည်နေ့ စကားဝိုင်းပြုလုပ်နေကြစဉ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (NLD-LA) ရုံးခန်းမတွင် အာဇာနည်နေ့အထိမ်းအမှတ် စကားဝိုင်းတခုကို အဖွဲ့အစည်းအသီးသီးမှ လူငယ်များနှင့် ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင် (၁၉) ရက်နေ့မှာ ပြုလုပ်ခဲ့ကြပါသည်။

ထိုစကားဝိုင်းကို (NLD-LA) မှ ကမကထပြု ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုစကားဝိုင်းတွင် (NLD-LA) ဒုဥက္ကဋ္ဌ ဒေါက်တာအေးကျော်မှ အာဇာနည်နေ့သမိုင်းကြောင်းနှင့် ယနေ့ကာလ နိုင်ငံရေးလုပ်ငန်းစဉ်များကို ဦးဆောင်ဆွေးနွေးပါသည်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်မှလည်း "ပြည်သူတွေကို အလုပ်အကျွေးပြုတဲ့ တပ်မတော်၊ ပြည်သူတွေရဲ့ အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်တဲ့ တပ်မတော်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းက တပ်မတော်ကို တည်ဆောက်ချင်တယ်၊ တည်ဆောက်ခဲ့တယ်။ ခု နဝတ–နအဖကတော့ တပ်မတော်သည် အမိ၊ တပ်မတော်သည် အဖ ဆိုတဲ့ ဆောင်ပုဒ်ကို အသက်သွင်းနေတယ်၊ ပုံဖော်နေတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အခန်းကဏ္ဍကို သူတို့ မှေးမှိန်အောင် လုပ်ပစ်ချင်တဲ့ထဲမှာ ဒီအချက်ဟာ အဓိကကျတဲ့ အချက်တချက်ဖြစ်တယ်လို့ ကျနော်ယူဆတယ်" ဟု ထည့်သွင်းဆွေးနွေးခဲ့ပါသည်။

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၊ ဒုတိယအတွင်းရေးမှူးချုပ် ဦးငွေလင်းကလည်း ၁၉၈၉ ခုနှစ်က အာဇာနည်နေ့မြင်ကွင်းကို ဆွေးနွေးတင်ပြပြီး "လူထုလှုပ်ရှားမှု၊ လူထုချီတက်ပွဲ၊ လူထုတိုက်ပွဲဆိုတာတွေကို နအဖစစ်အုပ်စုဟာ အလွန်ကြောက်လန့်တုန်လှုပ်တတ်ကြောင်း၊ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အလေးပြုတဲ့ကိစ္စကို ဘယ်လိုအာဏာရှင်က ဘယ်လိုစိတ်ဆန္ဒနှင့် တားတား၊ တားဆီးတာဟာ လုံးဝသဘာဝမကျကြောင်း၊ လက်ခံနိုင်စရာအကြောင်းမရှိကြောင်း၊ ဒါကြောင့်လည်း 'မတရားတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရဖီဆန်ကြ' ဆိုတဲ့ ရပ်တည်ချက်နှင့် အဲဒီနေ့က အာဇာနည်ကုန်းကို ချီတက်ဖို့ ဆုံးဖြတ်ခဲ့ကြတာဖြစ်ကြောင်း" တင်ပြဆွေးနွေးခဲ့ပါသည်။

တက်ရောက်လာသူ လူငယ် ၇၀ ခန့်ကလည်း ၎င်းတို့၏ အတွေးအမြင်များကို လူငယ်ဟန်ပန်အပြည့်ဖြင့် တက်ကြွစွာ ဆွေးနွေးခဲ့ကြသည်ဟု သိရှိခဲ့ရပါသည်။ ။

# ဗိုလ်ရမ်ခေါင်းဆောင်များ၏ ရှစ်လေးလုံးနှစ်ပတ်လည် အမှတ်တရစကား

‘မတရားမှုကို ဖေါ်ထုတ်ရမယ်၊
ဖိနှိပ်မှုကို တော်လှန်ရမယ်’ ဆိုတဲ့
လွတ်မြောက်ရေးလမ်းကြောင်းကို
၈၈ က ပြခဲ့ပြီ၊
၂၀၁၀ ရွေးကောက်ပွဲမှာ
‘လူမိုက်နဲ့ မပေါင်းဘူး’ ‘လူမိုက်တွေကို ပြတ်ပြတ်သားသား
ဆန့်ကျင်ရမယ်’ ဆိုတာကို ရဲရဲဝံ့ဝံ့ ပြသကြရလိမ့်မယ်။

**ဒေါက်တာနိုင်အောင်**
အတွင်းရေးမှူးချုပ်
မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု



❑ ❑ ❑



“ရှစ်လေးလုံး ဒီမိုကရေစီ လူထုအရေးတော်ပုံကြီးဟာ မဆလတပါတီအာဏာရှင်စနစ်ကို ဖျက်သိမ်းပစ်နိုင်ခဲ့တယ်။ ဒါပေမယ့် စစ်အာဏာရှင်စနစ်ကို မဖျက်သိမ်းနိုင်ခဲ့ဘူး။

အခု ၂၂ နှစ် ကြာတဲ့အခါမှာ ...

အဲဒီစစ်အာဏာရှင်တစုဟာ အခြေခံဥပဒေအရကိုပဲ စစ်အာဏာရှင်စနစ် ထာဝစဉ် ရှင်သန်ခိုင်မြဲခွင့်ကို အဓမ္မနည်းနှင့် အရယူကြဖို့ မီးကုန်ယမ်းကုန် ပြင်ဆင်နေကြတာကို တွေ့နေကြရပါတယ်။

ရှစ်လေးလုံးရဲ့ မပြီးပြတ်သေးတဲ့ သမိုင်းပေးတာဝန်ကို ထမ်းရွက်ဖို့ဆိုရင် ....

အဲဒီရှစ်လေးလုံးစိတ်ဓာတ်နှင့်ပဲ၊ အဲဒီလူထုအရေးတော်ပုံမျိုးနှင့်ပဲ စစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ကို ဆန့်ကျင်တိုက်ဖျက်တဲ့နည်း၊ ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်သပိတ်မှောက်တဲ့ နည်းတွေနှင့် စစ်အာဏာရှင်စနစ်ကို အပြီးအပိုင် ဖယ်ရှားဖျက်သိမ်းပစ်ကြရလိမ့်မယ်။ ”

**ဦးငွေလင်း**
ဒုတိယအတွင်းရေးမှူးချုပ်
မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု

❑ ❑ ❑




ရှစ်လေးလုံးအရေးတော်ပုံ ၂၂ ပြည့်ခဲ့ပါပြီ။ ရှစ်လေးလုံး လူထုအုံကြွမှုကြီးမှာ စွန့်လွှတ်စွန့်စားခဲ့ကြတဲ့ ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူအပေါင်းအား ဦးညွှတ်လိုက်ပါတယ်။

ကမ္ဘာတဝှမ်း သိမ့်သိမ့်တုန်စေခဲ့တဲ့ ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူတရပ်လုံးရဲ့ တပါတီအာဏာရှင်စနစ်ကျဆုံးရေး၊ ဒီမိုကရေစီရရှိရေးဆိုတဲ့ ကြွေးကြော်သံတွေဟာ ယနေ့တိုင် ပဲ့တင်ထပ်နေဆဲပါ။ ဒီအရေးတော်ပုံကြီးက တပါတီအာဏာရှင်စနစ်ကို အဆုံးသတ်ခဲ့တယ်။

ဒီနေ့ကာလမှာ စစ်အာဏာရှင်စနစ် ဆက်လက်ရှင်သန်အသက်ဝင်စေမယ့် ၂၀၀၈ ဖွဲ့စည်းပုံဆန့်ကျင်ရေး၊ ၂၀၁၀ ရွေးကောက်ပွဲဆန့်ကျင်သပိတ်မှောက်ရေး ကြွေးကြော်သံတွေဟာ တမျိုးသားလုံးရဲ့ ကြွေးကြော်သံတွေ ဖြစ်လာပြီ။

ဒီကြွေးကြော်သံတွေကို ကိုင်စွဲပြီး ဘုံရန်သူ စစ်အုပ်စုကို အထွေထွေလူထုအုံကြွမှုကြီးနဲ့ အဆုံးသတ်ကြပါစို့လို့ တိုက်တွန်းလိုက်ပါတယ်။

**ဦးကျော်ထက်**

ဥက္ကဌ
ပြည်သူ့ကာကွယ်ရေးတပ်

❑ ❑ ❑



ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးဆိုတာ ပြည်သူလူထုရဲ့ အောင်ပွဲဖြစ်တယ်။ မတရား အနိုင်ကျင့် ဗိုလ်ကျစိုးမိုးခဲ့တဲ့ ၁၉၇၄ ဖွဲ့စည်းပုံနဲ့ မဆလ တပါတီအာဏာရှင်စနစ်ကို မြန်မာ့နိုင်ငံရေးကနေ နိဂုံးချုပ်ပေးနိုင်ခဲ့တယ်။ ကျနော်တို့တွေဟာ လိုချင်တဲ့ ပန်းတိုင် မရောက်ခဲ့ဘူး။ မရောက်သေးတာဘဲ ဖြစ်တယ်။

၂၂ နှစ် ကြာခဲ့ပြီ။ ဒါပေမယ့် ရှစ်လေးလုံးအရေးတော်ပုံဟာ ဒီနေ့ တိုက်ပွဲရဲ့ အခြေခံအုတ်မြစ်ဖြစ်ပြီး အဓိက မောင်းနှင်အားလို့ ဆိုချင်တယ်။

ဒီ ၂၂ နှစ် သမိုင်းဟာ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖိနှိပ်ခံ ကျောင်းသားပြည်သူလူထုရဲ့ သမိုင်းဖြစ်တယ်။ စစ်အာဏာရှင် ဆန့်ကျင်ရေး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်ရေးတိုက်ပွဲသမိုင်းဖြစ်တယ်။ မြန်မာနိုင်ငံက အဖိနှိပ်ခံ တောင်ပေါ်မြေပြန့် တိုင်းရင်းသားလူမျိုးပေါင်းစုံရဲ့ သမိုင်းဖြစ်တယ်။

ဒီသမိုင်းရေစီးကြောင်းကို စစ်အာဏာရှင်တွေက အသေအကြေဖျက်ဖို့ ကြိုးစားနေတယ်။

ဒါပေမယ့် ပြည်သူလူထုကြီးရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်ရေးတိုက်ပွဲတွေကို ဥပဒေမဲ့ ဖိနှိပ်အနိုင်ကျင့်မှုတွေ၊ မတရားတဲ့ ဥပဒေတွေ တဖက်သတ်ပြဌာန်းချက်တွေနဲ့ ဖယ်ရှားတားမြစ်ဖို့ဆိုတာ စစ်အာဏာရှင်တွေအနေနဲ့ ထာဝရ မဖြစ်နိုင်ဘူး။

ဒီနေ့ ကျနော်တို့ မြန်မာပြည်သူလူထုဟာ ဖိနှိပ်မှုအောက်မှာ ထာဝရ ငြိမ်သက်ဝပ်ဆင်းနေခြင်းမဟုတ်၊ အားယူနေခြင်းသာဖြစ်တယ်။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဆိုတဲ့ ကြွေးကြော်သံဟာစ်ပြီး တတိုင်းပြည်လုံး စစ်ကျွန်ဖြစ်အောင်လုပ်မယ့် ၂၀၀၈ ဖွဲ့စည်းပုံတို့၊ ရွေးကောက်ပွဲတို့ဆိုတာ ပြည်သူ့ဆန္ဒသဘောထား မဟုတ်တဲ့အတွက် ဆန့်ကျင်တော်လှန်မှုတွေနဲ့သာ ရင်ဆိုင်မှာပဲဖြစ်တယ်။

**ရဲဘော်သံခဲ**

ဥက္ကဌ
မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး
(ကျောင်းသားတပ်မတော်)

❑ ❑ ❑



အခုလို ရှစ်လေးလုံး (၂၂) နှစ်ပြည့်တဲ့ကာလမှာ နအဖ စစ်အုပ်စုဟာ ရှစ်လေးလုံးရဲ့ အောင်သီးအောင်ပွင့်တွေဖြစ်တဲ့ ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဒေါ်အောင်ဆန်းစုကြည်၊ နောက် ရှစ်လေးလုံးကျောင်းသား ခေါင်းဆောင်တွေ၊ ဒီမိုကရေစီရေးအင်အားစုတွေကို အသည်းအသန်၊ အပြင်းအထန် ချေမှုန်းဖို့ ကြိုးစားနေတယ်။

အဲဒီလို အခြေအနေတွေကို ကာကွယ်ဖို့ကိစ္စနဲ့ အရေးတော်ပုံကြီးရဲ့ အောင်သီးအောင်ပွင့်တွေအပေါ် အခြေခံပြီး တိုးချဲ့ဖို့ကိစ္စတွေမှာ ကျနော်တို့ ရှစ်လေးလုံးမျိုးဆက်အားလုံး၊ ဒီမိုကရေစီရေးလှုပ်ရှားနေကြတဲ့ အင်အားစုတွေအားလုံးမှာ တာဝန်ရှိတယ်။ ဒီတာဝန်ကို ကျနော်တို့ ဆက်ပြီးတော့ ထမ်းဆောင်ကြရလိမ့်မယ်။

အထူးသဖြင့်တော့ ရှစ်လေးလုံးအရေးတော်ပုံကြီးရဲ့ အောင်သီးအောင်ပွင့်တွေကို ကာကွယ်ဖို့အတွက်ဖြစ်တယ်။

**ဦးအောင်မိုးဇော်**

၂၀၁၀

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

❑ ❑ ❑



ရှစ်လေးလုံးအရေးတော်ပုံကြီး နှစ်ပတ်လည် နေ့တွေရောက်တိုင်း စစ်အာဏာရှစ်စနစ်တခုရဲ့ အတိတ်ဆိုး၊ အရိပ်ဆိုးတွေကို စူးစူးနစ်နစ် ခံစားပြီး နှလုံးသွေးတွေ ဆူပွက်ဆဲပါ။ ၂၂ နှစ်ဆိုတဲ့ အချိန်ဟာ ကျမတို့ရဲ့ နုနယ်တဲ့ ငယ်ဘဝတွေကို တိုက်စား သွားနိုင်ပေမယ့် ဒီနေ့အထိ ကြံ့ကြံ့ခံ တိုက်ပွဲဝင်နေကြတဲ့ ကျမတို့တဦးချင်းစီရဲ့ ဘဝတွေ၊ ယုံကြည်ချက်၊ ခံယူချက်တွေကိုတော့ ဘယ်လိုမှ တန်ဖိုးနည်းအောင် မထိပါး မနှောက် ယှက်နိုင်ပါဘူး။ ရှစ်လေးလုံး အရေးတော်ပုံကာလက အသက် ၂၀ ကျော် အရွယ် မြန်မာပြည်က လူငယ်တဦးဖြစ်ခဲ့ရတဲ့အတွက် ကျမကိုယ်ကျမ ဂုဏ်ယူပါတယ်။ စစ်အာဏာရှင်စနစ်ကို တိုက်တာဟာ အုတ်နံရံကို ခေါင်းနဲ့တိုက်သလို ရူးသွပ်မိုက်မဲတဲ့ အလုပ်မဟုတ်ဘူး။ ဘယ်လောက် ခက်ခဲပါစေ၊ ဘယ်လောက်အချိန်ကြာပါစေ၊ မတရားတဲ့ အုပ်ချုပ်မှုတိုင်းဟာ ကျဆုံးရစမြဲပါ၊ မြန်မာပြည်သူပြည်သားတွေ လူသားပီသတဲ့၊ လူသားဆန်တဲ့ ဘဝတွေ ရယူပိုင်ဆိုင်နိုင်ဖို့ စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်းပစ်နိုင်တဲ့အထိ မဝေးတော့တဲ့ ပန်းတိုင်ဆီ ကျမတို့အတူတူ လက်တွဲသွားကြစို့လို့ အားလုံးကို လက်ကမ်းကြိုချင်ပါတယ်။

**မိဆူးပွင့်**

၂၀၁၀

မြန်မာ့အမျိုးသမီးသမဂ္ဂ

❑ ❑ ❑



ရှစ်လေးလုံးလူထုအရေးတော်ပုံကြီးက စစ်အာဏာရှင်တွေ ဘယ်လိုပုံသဏ္ဍာန်၊ ဘယ်လိုအခြေအနေတွေနဲ့ပဲ ဖိနှိပ်နေ ဖိနှိပ်နေ၊ ဗမာပြည်ကျောင်းသားပြည်သူ ရဟန်းရှင်လူတွေရဲ့ စစ်အာဏာရှင်စနစ်ကို တော်လှန်စွမ်းအား၊ တနည်းပြောရင် ပြည်သူ့အားကို ထင်ထင်ရှားရှား ထုတ်ဖော်ပြသခဲ့တာဖြစ်တယ်။

ရှစ်လေးလုံးအရေးတော်ပုံ ၂၂ နှစ် ပြည့်မြောက်တဲ့ ခုလိုနေ့မျိုးမှာ လက်ရှိ နအဖစစ်အာဏာရှင်တွေကို ကျနော်တို့ ပြောလိုတာက စစ်အာဏာရှင်စနစ်ကို ဘယ်လိုပုံစံ ဘယ်လိုပုံသဏ္ဍာန်တွေနဲ့ပဲ အသက်သွင်းသွင်း၊ အကောင်အထည်ဖော်ဖော် ဗမာပြည်ကျောင်းသားပြည်သူတွေရဲ့ တော်လှန်စွမ်းအား၊ ပြည်သူ့အားတွေနဲ့ စစ်အာဏာရှင်စနစ်ကို မလွဲမသွေ ဖျက်သိမ်းပစ်မယ့် ရှစ်လေးလုံးလို တော်လှန်အုံကြွမှုမျိုး ထပ်ပြီး ပေါ်ပေါက်လာဦးမယ်ဆိုတာပါပဲ။ ပြည်သူ့အားက ဘယ်တော့မှ ပျောက်ဆုံး ကုန်ဆုံးသွားမှာ မဟုတ်ဘူး၊ ထာဝရရှင်သန်နေမယ်ဆိုတာကို ပြောလိုပါတယ်။

**ဦးမင်းနိုင်**
တာဝန်ခံ
ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ)

❑ ❑ ❑



ရှစ်လေးလုံးအရေးတော်ပုံကြီး ၂၂ နှစ်ပြည့်ခဲ့ပြီ။ အဓိပ္ပါယ်ကတော့ ၁၉၆၂ မှစ၍ ၂၆ နှစ်တာ ပြည်သူကို မတရားအုပ်ချုပ် မင်းလုပ်ခဲ့တဲ့ ဗိုလ်ချုပ်နေဝင်းအာဏာရှင်ကို ပြည်သူလူထုတရပ်လုံး စုပေါင်းအားနဲ့ ဖြုတ်ချနိုင်ခဲ့တာ ၂၂ နှစ်ပြည့်ခြင်းပါ။ ဒါပေမယ့်လည်း အာဏာရှင်အသစ် ဗိုလ်ချုပ်သန်းရွှေနဲ့ အပေါင်းအပါတစုက နာမည်အမျိုးမျိုးပြောင်းပြီး ပြည်သူကို ဖိနှိပ်အုပ်ချုပ်ခဲ့တာ အခုဆို ၂၀၁၀ ရွေးကောက်ပွဲ မတရားတဖက်သတ်အနိုင်ယူပြီး ပြည်သူကို စစ်ကျွန်အဖြစ် စစ်ဖိနပ်အောက်မှာ ဆက်ပြီးနင်းထားဖို့ ပြင်ဆင်စီစဉ်နေပြန်ပြီ။ ဒါကြောင့် နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲမဟုတ်တဲ့ စစ်အာဏာရှင်အသစ်ရွေးချယ်ပွဲ ထောင်ချောက်ထဲမှာ ပြည်သူတရပ်လုံး အမိမခံဘဲ၊ ရှစ်လေးလုံးအရေးတော်ပုံကဲ့သို့ စုပေါင်းကန့်ကွက်သပိတ်မှောက်ပြီး စစ်အာဏာရှင်စနစ်ကို အပြီးသတ်တိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးစားကြပါစို့လို့ ဆန္ဒပြုလိုက်ပါတယ်။

**ဒေါ်ခင်ဥမ္မာ**
ဥက္ကဋ္ဌ
ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု

❑ ❑ ❑

မြန်မာနိုင်ငံသမိုင်းမှာ ရှစ်လေးလုံးလှုပ်ရှားမှုဆိုတာ သမိုင်းတန်ဖိုးကြီးမားလှတဲ့ လူထုလှုပ်ရှားမှုကြီးဖြစ်တယ်။ ဒီလူထုလှုပ်ရှားမှုကြီးထဲမှာ သမိုင်းရဲ့ တထောင့်တနေရာကနေ ကျနော်တို့ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာမိတယ်။

ဒီ ... မပြီးဆုံးသေးတဲ့ ဒီမိုကရေစီလှုပ်ရှားမှုကြီးကို ဆက်ပြီး သယ်ဆောင်ကြဖို့လိုတယ်။ ရှစ်လေးလုံးမျိုးဆက်တွေအားလုံး ညီညီညွတ်ညွတ်နဲ့ ဆက်ပြီးတော့ လှုပ်ရှားသွားပါလို့ ဒီ (၂၂) နှစ်မြောက် ရှစ်လေးလုံး နှစ်ပတ်လည်အခါသမယမှာ ကျနော်တိုက်တွန်းချင်တယ်။



**ဦးမိုးဆွေ**
တာဝန်ခံ
ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့



ရှစ်လေးလုံးဟာ မြန်မာပြည်ရဲ့ သမိုင်းမှာ အထင်ရှားဆုံးဖြစ်ရပ်တွေထဲက တခုဖြစ်တယ်။ ရှစ်လေးလုံးကြောင့် ကြီးမားတဲ့ ရလာဒ်တခုရှိခဲ့တယ်။ အဲဒါဟာ ၉၀ ခုနှစ်၊ ရွေးကောက်ပွဲပါပဲ။ ဒီတော့ ရှစ်လေးလုံးရဲ့ သမိုင်းကို ဖျောက်ချင်တဲ့ နဝတတွေ၊ နအဖတွေကတော့ အမျိုးသားညီလာခံနဲ့ တိုက်ဖို့ ကြိုးစားကြတယ်။ အဲဒီကြိုးစားမှုကို အကောင်အထည်ဖော်မှာက ၂၀၁၀ ရွေးကောက်ပွဲ ဖြစ်တယ်။ အဲဒီနည်းနဲ့ ရှစ်လေးလုံးရလဒ်ကို ဖျက်သိမ်းဖို့ ကြိုးစားတယ်။ ရပြီးသားရလာဒ်တွေကိုတော့ ကျမတို့ဆုံးရှုံးလို့မဖြစ်ဘူး။ ဒီတော့ ပြတ်ပြတ်သားသား ပြန်လည်တိုက်ပွဲဝင်ရမယ်။ နအဖရဲ့ ကျော့ကွင်းကနေ လွတ်မြောက်ဖို့အတွက် အဓိကက ၂၀၁၀ စစ်အာဏာရှင်တည်မြဲဖို့ ပြုလုပ်မယ့် ရွေးကောက်ပွဲကို ပြည်သူလူထုတရပ်လုံးက "မဲမထည့်တဲ့ နည်းနဲ့ အသိအမှတ်မပြုဖို့" ပါဘဲ။ ရှစ်လေးလုံးရဲ့ သွေးတွေနဲ့ ပေးဆပ်ရရှိခဲ့တဲ့ ၉၀ ရွေးကောက်ပွဲရလဒ်ကိုပဲ ဆက်လက်ဆုတ်ကိုင်ထားရမယ်။ ဒီကနေ့ ၂၂ နှစ်ပြည့် ရှစ်လေးလုံးနှစ်ပတ်လည်နေ့မှာ ရှစ်လေးလုံးမျိုးဆက်တွေနဲ့ မျိုးဆက်သစ်တွေ ဆက်လက်တိုက်ပွဲဝင်နေဆဲ ဖြစ်တယ်ဆိုတာကို ဒီနည်းနာတခုနဲ့ တိကျပြတ်သားစွာ သက်သေပြလိုက်ရအောင်လို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

**ဒေါ်နိုးနိုးထက်စံ**

တွဲဘက်အထွေထွေအတွင်းရေးမှူး (၁)
မြန်မာ့အမျိုးသမီးသမဂ္ဂ

❑ ❑ ❑

၁၉၅၀ ပြည့် မြန်မာနိုင်ငံရဲ့ ရှစ်လေးလုံး ပြည်သူ့အရေးတော်ပုံကြီး ၂၂ နှစ်ပြည့်ခဲ့ပြီ။ ၈ ရက်၊ ၈ လ၊ ၈၈ ကတည်းက အစပြုလို့ အာဏာရှင်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတို့အတွက် အသက်ပေါင်းများစွာ စတေးခဲ့ကြတယ်၊ ဘဝတွေ ကျိုးကြေအောင် ပေးဆပ်ခဲ့ကြတယ်။ ဒီကနေ့အထိလည်း တိုက်ပွဲဝင်ဆဲပါ။ ဒါဟာ ရှစ်လေးလုံးစိတ်ဓာတ်ရဲ့ နောက်ဆက်တွဲတွေပဲ။ နှစ်နှစ်ဆယ်ကျော်ကြာခဲ့ပေမယ့်လည်း စနစ်တခုပြောင်းလဲရေးအတွက် သမိုင်းနဲ့ချီရင် နေးလှတယ်မဟုတ်ပါဘူး။



ဒီနေ့အထိ ရောက်တဲ့အရပ်မှာ ကိုယ်စွမ်းရှိသလောက် တိုက်ပွဲဝင်နေတာတွေ တွေ့နေရမှာပါ။ အထူးသဖြင့် နှစ်ထောင်ကျော်သော နိုင်ငံရေးအကျဉ်းသားတွေ အကျဉ်းထောင်တွေထဲမှာ စစ်အာဏာရှင်ကို လက်နက်မဲ့ အံတုနေကြတာဟာ စံပြဖြစ်ပါတယ်၊ လေးစားဂုဏ်ယူစရာ ကောင်းလှပါတယ်။

ဒီလို တိုင်းပြည်အတွက် အမြော်အမြင်ကြီးစွာနဲ့ စွန့်လွှတ်အနစ်နာခံကြတာတွေကို စံနမူနာယူပြီး ရှစ်လေးလုံးစိတ်ဓာတ်ကို အခြေခံ၊ စုစည်းညီညွတ်မှုကို တည်ဆောက်၊ အောင်ပွဲကို တက်လှမ်းနိုင်ကြဖို့ ဆက်လက်ကြိုးစားကြပါစို့။

**ဦးတိတ်နိုင်**

အတွင်းရေးမှူး
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

❑ ❑ ❑

# ၂၀၁၀ ရွေးကောက်ပွဲ ဘာလဲ ဘယ်လဲ

မြန်မာ့နိုင်ငံရေးပြက္ခဒိန်မှာ ဇူလိုင်၊ ဩဂုတ်ကို စစ်အာဏာရှင်ဆန့်ကျင်ရေး တိုက်ပွဲအထိမ်းအမှတ်လလို့ ခေါ်လိုက်ဖို့ သင့်မယ်ထင်ပါတယ်။ ကျောင်းသူကျောင်းသားတွေ၊ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ်ကို ခါးခါးသီးသီး မုန်းတီးကြောင်းပြခဲ့ကြတဲ့၊ သွေးတွေ၊ အသက်တွေ အထင်ကရ ပေးဆပ်ခဲ့ကြတဲ့ ဇူလိုင် ၇ ရက် ကျောင်းသားအရေးတော်ပုံနဲ့ ဩဂုတ် ၈ ရက် လူထုအရေးတော်ပုံဖြစ်ခဲ့တဲ့ လတွေကိုး။

အဲဒါကြောင့်လည်း ဇူလိုင်လရောက်တိုင်း ဇူလိုင် ၇ ရက် ကျောင်းသားအရေးတော်ပုံ အထိမ်းအမှတ်နေ့ဆိုတာကို နိုင်ငံအတွင်းမှာ တိုးတိုးတိတ်တိတ်၊ နိုင်ငံပြင်ပမှာ ကျယ်ကျယ်လောလောင် ကျင်းပကြတာပါ။ အဓိပ္ပါယ်ကတော့ စစ်အာဏာရှင်စနစ်ရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို ဘယ်တော့မှ မမေ့၊ ဘယ်တော့မှ မကြေဆိုတာကို ဖေါ်ပြနေကြသလိုပါပဲ။

အဲသလို မမေ့နိုင်သူတွေက ၂၀၁၀ ရွေးကောက်ပွဲမှိုင်းမမိဘဲ၊ စစ်အာဏာရှင်စနစ်ရဲ့ ရက်စက်မှုတွေကို တုံ့ပြန်ဖို့ ဇူလိုင် ၇ ရက်နေ့မှာ ပြောကြားခဲ့ပုံနဲ့ပတ်သက်လို့ ဒီဗွီဘီအသံလွှင့်ဌာနက အခုလိုဖေါ်ပြခဲ့ပါတယ်။

### ဒီမိုကရေစီအင်အားစုများက ရွေးကောက်ပွဲကို သပိတ်မှောက်ရန်လှုံ့ဆော်

၇ ဇူလိုင် ၂၀၁၀ – ဒီနှစ်အတွင်း ကျင်းပမယ့် ရွေးကောက်ပွဲမှာ မဲမပေးဘဲ သပိတ်မှောက်ကြပါလို့ ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုတွေက ၄၈ နှစ်မြောက် ဆဲဗင်းဇူလိုင်နေ့မှာ မြန်မာပြည်သူတွေကို ပန်ကြားတောင်းဆိုလိုက်ပါတယ်။

ပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုတွေက ဒီကနေ့ တောင်းဆိုလိုက်ပါတယ်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်ရဲ့ ပြောခွင့်ရသူ နော်အက်စတာက ခုလို ပြောပါတယ်။

"ဒီကနေ့ အဓိကပြောချင်တာကတော့ တိုင်းပြည်ကို ထာဝရ စစ်ကျွန်ဖြစ်မယ့်၊ ၂၀၀၈ ဖွဲ့စည်းပုံကို အသက်သွင်းမယ့် ၂၀၁၀ ရွေးကောက်ပွဲကို ပြည်သူတရပ်လုံးက မဲသွားမပေးဘဲနဲ့ သပိတ်မှောက်ကြဖို့ တိုက်တွန်းချင်ပါတယ်။ မဲမပေးလို့လည်း ဘယ်လိုနည်းနဲ့မှ လာပြီးတော့ ဖမ်းလို့လည်း မရဘူး။ အရေးယူလို့လည်း မရဘူး၊ အဲဒါကြောင့်ပဲ မဲမပေးဘဲနဲ့ သပိတ်မှောက်ကြဖို့ တိုက်တွန်းချင်ပါတယ်။"

အခု ဖေါ်ပြခဲ့တာက ကျောင်းသူကျောင်းသားတွေ စစ်အာဏာရှင်စနစ်ကြောင့် သွေးမြေကျခဲ့ရတဲ့ ဇူလိုင် ၇ ရက်အရေးတော်ပုံရဲ့ ၄၈ နှစ်မြောက် အထိမ်းအမှတ်အဖြစ် အဲဒီစစ်အာဏာရှစ်စနစ်ကို ထာဝရတည်တံ့သွားစေမယ့် ၂၀၁၀ ရွေးကောက်ပွဲကို မဲမပေးဘဲ သပိတ်မှောက်ကြဖို့ တိုက်တွန်းလှုံ့ဆော်ထားတာပါ။

လောကနိယာမဆိုတာ အမှားနဲ့ အမှန်၊ အမှောင်နဲ့ အလင်း၊ အပေါင်းနဲ့ အနှုတ် ရှိသလို၊ စစ်အာဏာရှင်စနစ်ရဲ့ ရက်စက်တဲ့၊ လူမဆန်တဲ့ သတ်ဖြတ်မှုတွေကို မမေ့နိုင်သူတွေ ရှိသလို မေ့နိုင်သူတွေလည်း ရှိကြတာပါပဲ။ မေ့နိုင်သူတွေကတော့ မကြာမီလာတော့မယ့် ၂၀၁၀ စစ်ရွေးကောက်ပွဲမှာ ပါဝင်အားဖြည့်ရေး ကြိုးပမ်းအားထုတ်နေကြတာကို တွေ့ရပါတယ်။

ဇူလိုင်လကုန်အထိ အလုအယက် ရွေးကောက်ပွဲဝင်ချင်လို့ မှတ်ပုံတင်လျှောက်ထားကြတဲ့ နိုင်ငံရေးပါတီ အရေအတွက်ကို ဖေါ်ပြရရင် –

**၁) တည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့် လျှောက်ထားကြသည့် ပါတီပေါင်း (၄၆) ပါတီ**

**၂) မှတ်ပုံတင်ခွင့်လျှောက်ထားကြသည့် ပါတီပေါင်း (၄၀) ပါတီ**

**၃) မှတ်ပုံတင်ခွင့်ပြုပြီး ပါတီပေါင်း (၃၉) ပါတီ။**

'အိပ်မက်က လှတယ်၊ ဘဝက အရုပ်ဆိုးတယ်' ဆိုတဲ့ စိုင်းခမ်းလိတ်ရဲ့ သီချင်းစာသားအတိုင်း ပြောရမလို ဖြစ်နေပါပြီ။ ပါလီမန်တွင်းဝင်ပြီး ဘာလုပ်မယ်၊ ညာလုပ်မယ်ဆိုသူတွေ လက်တွေ့ဘဝမှာ ကြုံတွေ့နေရတာက ဒီလိုပါ –

ကျနော် ကျမတို့ ရွေးကောက်ပွဲမှာ ပါဝင်ချင်ပါတယ်ဆိုတာတောင် နအဖစစ်အစိုးရက ပါတီထောင်ခွင့် ဥပဒေ ဆိုတာကတမျိုး၊ ထောင်ခွင့်ရပြန်တော့လည်း မှတ်ပုံတင်ခွင့်ဥပဒေဆိုတာကတဖုံ အဆင့်ဆင့် ဇကာစစ်ထားပါသေးတယ်။ တခုမဟုတ်တခုနဲ့ ရွေးကောက်ပွဲ ခြံစည်းရိုးဝင်တိုးခွင့် ပြုတ်သွားနိုင်ပါသေးတယ်။ ဥပဒေ ၂ ခုစလုံးနဲ့ ခွင့်ပြုလိုက် ပြီဆိုတော့လည်း စိတ်မအေးရသေးပါဘူး။ အချိန်မရွေး နိုင်ငံရေး ပါတီအဖြစ်က ဖျက်သိမ်းခံရနိုင်ပါသေးတယ်။ အဲသလို ဖျက်သိမ်းပစ်ဖို့အတွက် ပြဋ္ဌာန်းထားတဲ့ **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်း ဥပဒေများ** စာအုပ် **အခန်း (၃) မှတ်ပုံတင်ခွင့်ပြုခြင်း၊ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ခြင်းနှင့် မှတ်ပုံတင်ပယ်ဖျက်ခြင်း** အခန်းရဲ့ အပိုဒ် (၁၅) မှာ မှတ်ပုံတင်ခြင်းကို ပြန်ဖျက်သိမ်းပစ်ဖို့ အချက် (၁၀) ချက် ပြဋ္ဌာန်းထားပါတယ်။ အဲဒီ (၁၀) ချက်စလုံးရဲ့ အနှစ်သာရကို ချုပ်လိုက်တဲ့အခါကျတော့ ငါတို့ နအဖစစ်အစိုးရကို မဆန့်ကျင်နဲ့၊ ဆန့်ကျင်တာနဲ့ ပါတီဖျက်သိမ်းခံရမယ်လို့ အဓိပ္ပါယ်ထွက်နေပါတယ်။ ဒီတော့ ဥပဒေတွေအရကို စစ်အာဏာရှင်စနစ်ကို ပါလီမန်နည်းနဲ့ ဖယ်ရှားဖို့ နေနေသာသာ စိတ်နဲ့တောင် မပစ်မှားနဲ့ ဖြစ်နေပါပြီ။

ဥပဒေတွေပဲ ပြဋ္ဌာန်းပြီးတော့ ချုပ်ကိုင်ထားတာလား။

မဟုတ်ပါဘူး။

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပေးထားပြီးသား ပါတီတွေကိုလည်း USDP ခေါ် ကြံ့ဖွံ့ပါတီကလွဲလို့ ကျန်ပါတီတွေကို ဥပဒေနဲ့ တင်မက လက်တွေ့နှောင့်ယှက်မှုတွေကိုလည်း လုပ်နေပါသေးတယ်။ ရွေးကောက်ပွဲဝင်ပါရစေဆိုတဲ့ နိုင်ငံရေးပါတီတွေကို အနှောင့်အယှက်တွေ ပေးနေတဲ့အကြောင်း သတင်းမီဒီယာတွေမှာ ဖော်ပြထားတဲ့ ခေါင်းစဉ်လေးတွေကိုပဲ အနည်းအကျဉ်း တန်းစီပြရရင် –

**၁) အာဏာပိုင်များ တင်းကျပ်၍ ပါတီစည်းရုံးရေးအနှောင့်အယှက်ဖြစ်**
(ဧရာဝတီအွန်လိုင်းမဂ္ဂဇင်း၊ http://www.irrawaddy.org/bur/index.php/news/1-news/3554-2010-07-06-09-34-10)

**၂) လူထုစည်းရုံးရေးခရီးစဉ်များ အာဏာပိုင်တို့စောင့်ကြပ်**
(ခေတ်ပြိုင်အွန်လိုင်းဂျာနယ်၊ http://www.khitpyaing.org/index.php?route=detail&id=3027)

**၃) လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ရန် အခက်တွေ့**
(ဒီမိုကရက်တစ်မြန်မာ့အသံ၊ http://burmese.dvb.no/news.php?id=11604)

**၄) ဈေးထဲတွင် ရန်ပုံငွေကောက်သဖြင့် ပါတီဝင် ၆ ဦး တရားစွဲခံရ**
(မဇ္ဈိမသတင်းဌာန၊ http://www.mizzimaburmese.com/news/breaking-newsbrief/5765-2010-07-27-14-59-10.html)

**၅) ရှမ်းပါတီဝင်များ၏ ကိုယ်ရေးရာဇဝင်များ စစ်တပ်ကစစ်ဆေး**
(သတင်းနှင့် မီဒီယာကွန်ယက်၊ http://www.nmg-news.com/nmg/news280710.html)

**6) NDFခေါင်းဆောင်လေးဦးကို ရွေးကောက်ပွဲကော်မရှင်က ခေါ်ယူ**
(လွတ်လပ်တဲ့ အာရှအသံ၊ http://www.rfa.org/burmese/news/election_commission_warned_NDF_leaders_of_possible_disqualification-07312010122908.html)

နအဖ စစ်အစိုးရက အဲသလို ဥပဒေ၊ နည်းဥပဒေ နာမည်မျိုးစုံတပ်ပြီး ရွေးကောက်ပွဲဝင်ပါရစေဆိုသူတွေကို ချုပ်ကိုင်ရုံမက၊ လက်တွေ့လည်း နည်းမျိုးစုံနဲ့ လိုက်လံအနှောင့်အယှက်ပေးနေတာအပြင် ဟာကွက်မရှိရလေအောင် မီဒီယာဘက်ကနေ ကန့်သတ်ချုပ်ချယ်တာတွေလည်း လုပ်လိုက်ပါသေးတယ်။ မြန်မာနိုင်ငံစာပေစီစစ်ရေးက ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ဖော်ပြတဲ့သတင်းဟာ စစ်အစိုးရ စိတ်အလိုမကျလို့ကတော့ ဂျာနယ်၊ မဂ္ဂဇင်းစာစောင် အပိတ်ခံရမယ်သာ မှတ်ပေတော့ဆိုပြီး အမိန့်တွေ ထုတ်ပြန်ထားတဲ့အကြောင်းကို **စာပေကင်ပေတိုင် ညွှန်ကြားချက်သစ်က ဥပဒေများကို မရေးရဲအောင်ဖြစ်** ဆိုတဲ့ ခေါင်းစဉ်နဲ့ မဇ္ဈိမသတင်းဌာနက ဇူလိုင်လ ၂၇ ရက်နေ့မှာ ဖော်ပြထားပါတယ်။

ရွေးကောက်ပွဲနီးလာလေ ပါလီမန်တွင်း Space အသာထား၊ ကိုယ့်ပါတီရေရှည်တည်တံ့ရေးတောင် တထိတ်ထိတ် ဖြစ်နေရတဲ့ အကြောင်း ဇူလိုင်လ ၂၀၁၀ ရွေးကောက်ပွဲအခြေအနေက တော်တော် ထင်သာမြင်သာ ဖြစ်နေပါတယ်။ အဲသလို နိုင်ငံရေးပါတီတွေရဲ့ အခြေအနေနဲ့ ပတ်သက်လို့ လက်သံပြောင်တဲ့ စာရေးသူတဦးက ဒီလို မှတ်ချက်ပေးထားပါသေးတယ်၊ **"ရေအသက် တမနက်လို့ ဆိုရိုးပြုကြသလိုပဲ၊ နအဖစစ်အုပ်စုရဲ့ မှတ်ပုံတင်ပါတီတွေရဲ့ အသက်ကိုလည်း နောင်ဆိုရင် ဆိုရိုးပြုကြရပါလိမ့်မယ်"** တဲ့ ခင်ဗျာ။ မှတ်ကရော။

ဒီလို ဇူလိုင်လဖြစ်ပေါ်မှုတွေကို စဉ်းစားကြည့်လိုက်တော့ နအဖစစ်အုပ်စုဟာ လွှတ်တော်ထဲမှာ ၂၅ ရာခိုင်နှုန်းလောက်ပဲ စစ်တပ်က ပါချင်တာမဟုတ်၊ တခြားဘယ်သူမှ မပါဘဲ သူတို့ ယူနီဖောင်းဝတ် စစ်သားနဲ့ ယူနီဖောင်းချွတ် စစ်သားလူထွက်တွေချည်းရှိတဲ့ ပါလီမန် လုပ်ချင်နေတာ တွေ့ရကြောင်း တင်ပြလိုက်ရပါတယ်။ ။

❏ ❏ ❏

# သူတို့ပြောတဲ့ ၂၀၀၈ အခြေခံဥပဒေ နဲ့ ၂၀၁၀ ရွေးကောက်ပွဲရဲ့ သရုပ်မှန်

တူမောင်ညို

"၂၀၁၀ ရွေးကောက်ပွဲဟာအဓိကပန်းတိုင်မဟုတ်ဘူး" ၊ ရွေးကောက်ပွဲနည်းနဲ့ စနစ်တခုကို တိုက်ဖျက်နေတာသာဖြစ်ပါတယ်" လို့ ပြည်တွင်းမှာ သူတို့ နဖူးတွေ့ဒူးတွေ့ကြုံနေရတာတွေကိုပဲ အသိအမှတ်ပြီး ပြောတာလား/ ဝန်ခံချက်ပေးတာလား /ရင်ဖွင့်တာလားတော့ မပြောတတ်ပါ။ မှတ်ပုံတင်ပါတီတခုက နိုင်ငံရေးသမားတဖြစ်လည်း ကဗျာဆရာ/ စာရေးဆရာလေးတဦးရဲ့ "ထွေရာလေးပါး" ဆိုတာထဲမှာ ဖတ်လိုက်ရပါတယ်။

မေးခွန်းလေးတွေပဲ မေးချင်တာပါ။

အဓိကပန်းတိုင်မဟုတ်ဘဲ ဘာကြောင့်များ ဦးတည်သွားနေရတာလဲ။

ရွေးကောက်ပွဲနည်းနဲ့ တိုက်ဖျက်နေတဲ့ "စနစ်" တခုဆိုတာ ဘယ်လိုစနစ်မျိုးလဲ။

စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်နေတာလို့ ပြောချင်တာလား။ "ပြောချင်တာကို ပြောခွင့်မရရင်နေ၊ မပြောရဲတာတော့ လုံးဝ မပြောဘူး" ဆိုတာမျိုးလား။ စိတ်ကူးမယဉ်ကြေး ပြောကြရအောင်။

ရွေးကောက်ပွဲကော်မရှင်မှာ "တည်ထောင်ခွင့်/ဆက်လက်တည်ထောင်ခွင့်" စတင်လျှောက်ထားကတည်းက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပုဒ်မ (၆) ကို ဝန်ခံချက် လက်မှတ်ရေးထိုးထားခဲ့ရတယ် မဟုတ်ပါလား။

အဲဒီလို ဝန်ခံချက် လက်မှတ်ထိုးရကတည်းက "စစ်ဦးစီးချုပ်က ရွေးချယ်စေလွှတ်တဲ့ လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းနဲ့ ပြည်သူတွေက ရွေးချယ်တဲ့ ပြည်သူ့ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းသော လွှတ်တော်ကိုယ်စားလှယ်နှစ်ရပ်ပူးပေါင်း အုပ်ချုပ်တဲ့ ဒီမိုကရေစီ အစိုးရစနစ်" ဆိုတဲ့ စနစ်တခုကို ခင်ဗျားတို့ လက်ခံထားရပြီမဟုတ်ပါလား။

ကိုယ်မကြိုက်နှစ်သက်တဲ့ စနစ်တစ်ခုကို အရင်လက်ခံပြီးမှ ပြန်လည်တိုက်ဖျက်တယ်ဆိုတဲ့ လုပ်နည်းလုပ်ဟန်ကတော့အများနဲ့ မတူတဲ့ ပို့စ်မော်ဒန်လုပ်ဟန်တခုများလား။

၂၉ ဇူလိုင် မြန်မာ့အလင်းသတင်းစာထဲမှာ "၂၀၁၀ ရွေးကောက်ပွဲရဲ့သရုပ်မှန်နဲ့ ပြည်သူ့တာဝန်" ဆိုတဲ့ခေါင်းစဉ်နဲ့ "ကျော်မြင့်နိုင်" ဆိုသူက ဆောင်းပါးရေးထားတယ်။

ကျော်မြင့်နိုင်ဆိုသူရဲ့ သရုပ်မှန်က ဘာလဲ။

သူ့သရုပ်မှန်ကို သူ့အရေးအသားတွေထဲကပဲ ကောက်နှုတ်ဖော်ပြလိုက်ပါတယ်။

– "ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နဲ့ ၂၀၁၀ ရွေးကောက်ပွဲတို့ဟာ မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေး ရှေ့ခရီးမှာ ပထမတာထွက်ခြေလှမ်းလည်း ဖြစ်ပါတယ်"

– "စစ်အစိုးရအသွင်ဖြင့် ဆက်လက်အုပ်ချုပ်နေရန် မသင့်တော်တဲ့ အနေအထား"

–"ရွေးကောက်ပွဲကျင်းပပေးပြီး အနိုင်ရတဲ့ပါတီကို လက်လွှတ်စပယ် အာဏာလွှဲပေးလိုက်ခြင်းအားဖြင့် ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေး ရပြီးချိန်နဲ့ မရှေးမနှောင်း ရောင်စုံသောင်းကျန်းမှု ဖြစ်ပေါ်ခဲ့တဲ့ အနေအထားမျိုးသို့ ပြန်လည်ဆိုက်ရောက်မသွားနိုင်ဖို့ အာမခံချက်မရှိသေးတဲ့ တိုင်းပြည်အနေအထား"

– "ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) မှာ တပ်မတော်မှ ရွေးချယ်စေလွှတ်တဲ့ လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းနှင့် လူထုက ရွေးချယ်တဲ့ လူထုကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းတို့ အမျိုးသားနိုင်ငံရေးမှာ ပူးတွဲရှေ့ဆောင်သွားနိုင်ရေး ဆောင်ရွက်တာဖြစ်တယ်"

– "နောက်ပြန်လန်မကျပဲ ငြိမ်းချမ်းစွာ ဒီမိုကရေစီဖြစ်ပေါ်လာရေးမှာ ၂၀၁၀ ရွေးကောက်ပွဲအောင်မြင်ရေးဟာ အဓိကဖြစ်တဲ့အတွက် မဲပေးပိုင်ခွင့်ရှိသူ ပြည်သူအားလုံးက မပျက်မကွက်မဲပေးကြရေးဟာ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေးလိုလားတဲ့ ပြည်သူတိုင်းရဲ့ တာဝန်သာဖြစ်တယ်" ဆိုတာပါပဲ။

သူပြောတာကို ချုပ်လိုက်တော့

"စစ်အစိုးရအနေနဲ့ ဆက်အုပ်ချုပ်လို့ မဖြစ်တော့ဘူး။ ဒါကြောင့် စိတ်ကြိုက်အခြေခံဥပဒေရေးထားတယ်။ ဒီအခြေခံဥပဒေ အသက်ဝင်ဖို့ ၂၀၁၀ ရွေးကောက်ပွဲကျင်းပရမယ်၊ ရွေးကောက်ပွဲမှာ ပြည်သူတွေက မပျက်မကွက် မဲပေးကြပါ။ ရွေးကောက်ပွဲပြီးလည်း အနိုင်ရပါတီကို အာဏာလွှဲမပေးနိုင်ဘူး" ဆိုတာပါပဲ။

သူ့ထက်သရုပ်မှန်တာတောင် သူ့လောက်သရုပ် မမှန်ဘူးလို့ပဲ ပြောရပါတော့မယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ကို လက်ခံ/ ၂၀၁၀ ရွေးကောက်ပွဲမှာ မဲပေးကြတဲ့။

နှစ်ပေါင်း ၂၂ကျော်ကြာ (နဝတ–နအဖ)စစ်အစိုးရက အကြမ်းဖိနှိပ်အုပ်စိုးခဲ့တာတောင် တိုင်းပြည်အခြေအနေက "၁၉၄၈–၄၉ အနေအထား" သို့ ပြန်ရောက်သွားနိုင်တယ်၊ အာမခံချက်မရှိသေးဘူးလို့ ဝန်ခံထားတယ်။

တပ်မတော်အစိုးရအုပ်ချုပ်ရေးမှ စစ်ဦးစီးချုပ်က ရွေးချယ်စေလွှတ်တဲ့ လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းနဲ့ ပြည်သူတွေက ရွေးချယ်တဲ့ ပြည်သူ့ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းသော လွှတ်တော်ကိုယ်စားလှယ်နှစ်ရပ် ပူးပေါင်းအုပ်ချုပ်တဲ့ ဒီမိုကရေစီအစိုးရစနစ်အတွက် ရေးဆွဲထားတဲ့ "ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နဲ့ မကြာမီ ကျင်းပပေးတော့မည့် ၂၀၁၀ ရွေးကောက်ပွဲတို့ဟာ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေးဖြစ်တယ်လို့ ဝေဖန်ဆန့်ကျင်နေကြတယ်ဆိုတာအမှန်ပင်ဖြစ်ပါကြောင်း" ကျနော်တို့ကလည်း ရဲရင့်တည်ကြည်စွာ ဝန်ခံလိုက်ပါတယ်။ ။

၂၀၁၀ ဇူလိုင် ၂၉ ရက်

# တလအတွင်း မြန်မာ့သတင်း

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ခေါင်းဆောင်များဖြစ်ကြသော ဒု-ဥက္ကဌ ဦးတင်ဦးအပါအဝင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်နှင့် အဖွဲ့ချုပ်လူငယ်အချို့တို့သည် ဇွန်လ ၂၉ ရက်နေ့က ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်များဖြစ်ကြသော ကိုမင်းကိုနိုင်နှင့် ကိုကိုကြီးတို့၏ မိသားစုများ နေအိမ်သို့ သွားရောက်တွေ့ဆုံ အားပေးစကားပြောခဲ့သည်။ **(DVB 010710)**
- မြန်မာနိုင်ငံတွင် စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနက အပတ်စဉ်ဂျာနယ်များတွင် နိုင်ငံရေးပါသတင်းများကို တင်းကျပ်နေသဖြင့် လာမည့်ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ပြန်လည်သုံးသပ်မည်ဟု မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ **(PDP)** အထွေထွေအတွင်းရေးမှူး ဦးနေမျိုးဝေက ပြောသည်။ **(Irrawaddy 020710)**
- နယ်ခြားစောင့်တပ် အသွင်ပြောင်းရန် သဘောတူထားသည့် သျှမ်းပြည်တပ်မတော် (မြောက်ပိုင်း) **(SSA-N)** ဥက္ကဌ ဗိုလ်ချုပ်လွယ်မောင်း၏ တပ်ဖွဲ့ဝင်အချို့သည် ဇူလိုင်လ (၅) ရက်နေ့က ဒု-ဗိုလ်ချုပ်ကြီး ရွက်ဆစ်ဦးဆောင်သည့် သျှမ်းပြည်တပ်မတော် (တောင်ပိုင်း) **(SSA-S)** သို့ လာရောက်ပူးပေါင်းခဲ့ကြောင်း **SSA-S** မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး စိုင်းလောင်ဆိုင်းက ပြောသည်။ **(Irrawaddy 060710)**
- ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ) နှင့် စစ်အာဏာရှင်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုကော်မတီတို့က ဗကသ ဖြိုခွင်းခံရသည့် ၇ ရက် ဇူလိုင်အထိမ်းအမှတ်လှုပ်ရှားမှုများအဖြစ် ပြည်တွင်း၌ လက်ကမ်းစာစောင်များ၊ ပို့စကဒ်များနှင့် စာတိုက်မှတဆင့် ဖြန့်ဝေမှုများ ပြုလုပ်ခဲ့ကြသည်။ **(Irrawaddy 070710)**
- လူမှုရေးအမည်ခံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် နိုင်ငံရေးပါတီအသွင်ကိုပြောင်းကာ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေခြင်းသည် ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များဖြစ်ကြောင်း ကြံ့ဖွံ့ (ခေါ်) **USDA** ဒုတိယ ရုံးအဖွဲ့မှူး သူရမြင့်ဦးကပြောသည်။ **(RFA 080710)**
- စစ်အစိုးရ ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီ (၃၆) ပါတီကို မှတ်ပုံတင်ခွင့်ပြုလုပ်ပြီးနောက် ရခိုင်ပြည်နယ်တွင် မြို (ခေါ်) ခမီအမျိုးသားညီညွတ်ရေးပါတီ (ယခင် ၁၉၉၀ ရွေးကောက်ပွဲဝင်ပါတီဟောင်း)၊ ခမီအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ၊ မြိုတိုင်းရင်းသားပါတီ၊ ကမန်အမျိုးသားတိုးတက်ရေးပါတီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၊ မြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစု၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ (မွတ်စလင် ဘာသာဝင်များပါတီ) များအပါအဝင် ကြံ့ဖွံ့ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် ခေတ်သစ်ပြည်သူ့ပါတီစသည့် ပါတီ (၁၀) ပါတီလှုပ်ရှားနေသည်။ **(NEJ 080710)**
- မြန်မာနိုင်ငံတွင် ကျင်းပမည့်ရွေးကောက်ပွဲနှင့်ပတ်သက်၍ အီတလီအစိုးရအနေဖြင့် မျက်ခြေမပြတ် စောင့်ကြည့်နေကြောင်း ဇူလိုင်လ ၉ ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် လာရောက်တွေ့ဆုံခဲ့သည့် အီတလီဒုတိယသံအမတ်ကြီး မိစ်အင်ဒီဂျီနာက ပြောကြားလိုက်သည်။ **(RFA 090710)**
- ရန်ကုန်အခြေစိုက် ဖြိတိသျှသံရုံး ပထမအတွင်းဝန်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင်များနှင့် ပါတီဒု-ဥက္ကဌ ဦးတင်ဦး၏ နေအိမ်တွင် လာရောက်တွေ့ဆုံခဲ့ကာ **NLD** ၏ လက်ရှိ ရပ်တည်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်း ဆွေးနွေးမေးမြန်းခဲ့ကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကပြောသည်။ **(DVB 120710)**
- ကချင်ပြည်နယ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ **SNDP**၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့က မဲဆွယ်စည်းရုံးရေးဆင်းမှုမျိုး မတွေ့ရသေးပဲ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** တစ်ပါတီသာ ပြိုင်ဘက်မရှိ မဲဆွယ်စည်းရုံးမှုများလုပ်ဆောင်နေပြီး ဒေသခံအာဏာပိုင်းများ ကိုယ်တိုင် ကူညီပံ့ပိုးပေးနေသည်ဟု မိုးကောင်းဒေသခံတဦးကပြောသည်။ **(NEJ 130710)**
- နအဖစစ်အစိုးရ၏ အသွင်ပြောင်းရေးအစီအစဉ်အား လက်ခံခဲ့သည့် အပစ်ရပ်သျှမ်းပြည်တပ်မတော်အား "သျှမ်းပြည်တပ်မတော်" ဆိုသည့် အမည်နှင့်မလိုက်ဖက်ဟု **(National Democratic Alliance Army)** အမျိုးသားသွေးစည်းညီညွတ်ရေးတပ်မတော် (ခေါ်) မိုင်းလားတပ်ဖွဲ့ခေါင်းဆောင် စဝ်စိုင်းလင်းက ဝေဖန်ပြောဆိုလိုက်သည်။ **(S.H.A.N 140710)**
- ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် ၆၃ နှစ်မြောက် အာဇာနည်နေ့ အကြိုအထိမ်းအမှတ်အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က လှိုင်သာယာမြို့နယ်တွင် နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲတရပ် ပြုလုပ်ခဲ့သည်။ **(DVB 180710)**

- ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ အိန္ဒိယခရီးစဉ်တွင် ၂၀၁၀ ရွေးကောက်ပွဲနှင့်ပတ်သက်၍ အိန္ဒိယအစိုးရက ရေငုံနှုတ်ပိတ်ကာ စီးပွားရေးအကျိုးအမြတ်ကိုသာ အဓိက အလေးထားဖွယ်ရှိကြောင်း နယူးဒေလီရှိ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများက ပြောဆိုလိုက်သည်။ **(Mizzima 210710)**
- ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ **(NCGUB)** ၏ ပြန်ကြားရေးဝန်ကြီး ဒေါက်တာတင့်ဆွေက "နအဖ ပြုလုပ်ကျင်းပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ အာဆီယံက ထင်ထင်ရှားရှား ပြောဆိုလာနေပြီးဖြစ်သဖြင့် အိန္ဒိယက ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံတနိုင်ငံအနေဖြင့် မြန်မာ့ဒီမိုကရေစီအရေးနှင့်ပတ်သက်၍ နအဖစစ်အစိုးရကို ပိုမိုဖိအားပေးပြောဆိုသင့်ကြောင်း" ဇူလိုင်လ ၂၆ ရက်နေ့တွင် ပြောကြားလိုက်သည်။ **(VOA 260710)**
- ဒေါ်အောင်ဆန်းစုကြည်က "နအဖစစ်ခေါင်းဆောင်များအနေဖြင့် ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ယခုအချိန်ထိ မကြေညာသေးခြင်းသည် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများအတွက် တရားမျှတမှုမရှိရာရောက်ကြောင်း" ပြောဆိုလိုက်သည်ဟု ဇူလိုင်လ ၂၈ ရက်နေ့တွင် သူမ၏အမှုအတွက် တိုင်ပင်ဆွေးနွေးရန် သွားရောက်တွေ့ဆုံခဲ့သည့် ရှေ့နေဦးဉာဏ်ဝင်းက ပြောသည်။ **(VOA 280710)**
- ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **UWSA** နှင့် ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ **UWSP** သည် မူလကတည်းကပင် အခိုင်အမာရှိနေပြီဖြစ်သောကြောင့် စစ်အစိုးရအနေဖြင့် အသိအမှတ်ပြုပြု၊ မပြုပြု၊ အရေးစိုက်ခြင်းမရှိကြောင်းနှင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများမှ ဝနယ်မြေအတွင်းသို့ လာရောက်မဲဆွယ်စည်းရုံးမှုကို လက်မခံကြောင်း ထိတ်တန်း ဝ အရာရှိတဦးက ပြောသည်။ **(RFA 280710)**
- ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များက ၁၉၉၀ ပြည့်နှစ်တွင် စင်ပြိုင်အစိုးရတည် ထောင်ရန်ကြိုးပမ်းမှုဖြင့် ထောင်ကျခဲ့ဖူးသည့် အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ခေါင်းဆောင် ဦးခင်မောင်ဆွေ အပါအဝင် ဦးတင်အောင်၊ ဦးသာဆိုင်နှင့် ဦးစိန်လှဦးတို့ကို နေပြည်တော်သို့ ခေါ်ယူ၍ "အစိုးရနှင့် အမျိုးသားရင်ကြားစေ့ရေးကို ပူးတွဲလုပ်ဆောင်ရန် ဆန္ဒရှိကြောင်း" ဖော်ပြထားသည့် အသနားခံစာကို တင်ပြရမည်ဟု ပြောဆိုကြောင်း **NDF** ခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောသည်။ **(BBC 300710)**
- ဇွန်လ ၁ ရက်နေ့တွင် ပါတီမှတ်ပုံတင်ခွင့်ရထားပြီးသော ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီသည် ၎င်းပါတီဝင်များ စုဆောင်းစဉ်ကာလ၌ နိုင်ငံရေးစာပေထုတ်ဝေခွင့်အမှတ် နသ-၀၁၃၊ ၂၀၁၀ ဖြင့် ပါတီ မိတ်ဆက်လက်ကမ်းစာလွှာများ စတင်ဖြန့်ဝေလျက်ရှိပြီး မကြာမီတွင် နိုင်ငံရေးဗဟုသုတ၊ ဒေသန္တရနှင့် သမိုင်းအချက်အလက်များပါရှိသော ပါတီစာစောင်ကို ဆက်လက်ထုတ်ဝေသွားမည်ဟု ပါတီဥက္ကဋ္ဌ ဒေါက်တာအေးကျော်က ပြောသည်။ **Myanmar Times** အတွဲ၊ အမှတ် (၂၄၊ အမှတ် ၄၇၇)

***(NDD မှတ်တမ်းတင်နှင့် သုတေသနဌာန၏ 'တလအတွင်းမြန်မာ့သတင်း -၂၀၁၀ ခုနှစ်၊ ဇူလိုင်လ'မှ ထုတ်နှုတ်ဖော်ပြသည်။)***

❑ ❑ ❑

## မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု ဒုတိယအကြိမ်ညီလာခံ

(၂၀၀၉ ခုနှစ်၊ မတ်လ ၁၈-၂၁ ရက်)

လုပ်ငန်းစဉ် (၈) ရပ်

၁။ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအား ကျစ်လစ်ခိုင်မာအောင် တည်ဆောက်ခြင်း။
၂။ မဟာဗျူဟာညှိနှိုင်းတိုင်ပင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။
၃။ မဟာမိတ်အဖွဲ့အစည်းများနှင့် ဘုံလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း။
၄။ တက်ကြွလှုပ်ရှားသူအင်အားစု ကွန်ယက်များ တည်ဆောက်ခြင်း။
၅။ လှုံ့ဆော်ပညာပေးရေးနှင့် ကိုယ်စီအခွင့်အရေးတိုက်ပွဲများ ဆက်စပ်ဆောင်ရွက်ခြင်း။
၆။ တနိုင်ငံလုံးအတိုင်းအတာဆောင်သော လူထုလှုပ်ရှားမှုများဖော်ဆောင်ခြင်း။
၇။ စစ်တပ်/ရဲ စသည်တို့အား ပြည်သူ့ဖက်ပါဝင်လာစေရန် စည်းရုံးခြင်း။
၈။ နိုင်ငံတကာမှ မိမိတို့၏ ဒီမိုကရေစီဖော်ဆောင်ရေးလမ်းကြောင်းကို ထောက်ခံပံ့ပိုးစေရေးနှင့် စစ်အာဏာရှင်စံနစ်သက်ဆိုးရှည်မှု ဆောင်ရွက်နေမှုများကို ဟန့်တားစေရေး စည်းရုံးလှုံ့ဆော်ခြင်း။